**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၁ /၂၀၂၄**

**၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**

**(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)**

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာဝန်ဆောင်မှု အမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေ သတ်မှတ်ခြင်း**

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ဈ) အရ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | လျှောက်ထားလိုသည့် ဝန်ဆောင်မှုအမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|
| (က) | စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်းအား လက်ခံစစ်ဆေးခြင်း (CR-1) | ၁၀၀,၀၀၀ |
| | ရုပ်ရှင်ဖန်တီးမှုလက်ရာ၊ အရုပ်အသံလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်းအား လက်ခံစစ်ဆေးခြင်း၊ | ၃၀၀,၀၀၀ |
| (ခ) | ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင်လျှောက်ထားခြင်းအား လက်ခံစစ်ဆေးခြင်း (CR-2) | ၁၀၀,၀၀၀ |

| | | |
|---|---|---|
| (ဂ) | လျှောက်ထားချက်တွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းအား စိစစ်ပြင်ဆင်ခြင်း (CR-3) | ၅၀,၀၀၀ |
| (ဃ) | မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားခြင်းအား စိစစ်ခွင့်ပြုခြင်း (CR-5) | ၅၀,၀၀၀ |
| (င) | မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းအား စိစစ်ပြင်ဆင်ခြင်း (CR-6) | ၅၀,၀၀၀ |
| (စ) | စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းအား စိစစ်မှတ်တမ်းတင်ခြင်း (CR-7) | ၁၀၀,၀၀၀ |
| (ဆ) | စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများကို ပြင်ဆင်ပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းအား လက်ခံစိစစ်ခြင်း (CR-8) | ၅၀,၀၀၀ |
| (ဇ) | မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းအား စစ်ဆေးခြင်း (CR-9) | ၁၀၀,၀၀၀ |
| (ဈ) | ကိုယ်စားလှယ်အမည်ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်ထားခြင်းအား စိစစ်ပြင်ဆင်ခြင်း (CR-11) | ၂၀,၀၀၀ |
| (ည) | သတ်မှတ်ထားသည့် အချိန်ကာလကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်းအား စိစစ်ခြင်း (CR-12) | ၅၀,၀၀၀ |
| (ဋ) | အယူခံမှုလျှောက်ထားခြင်းအား လက်ခံစိစစ်ဆေးခြင်း (CR-13) | ၃၀၀,၀၀၀ |

၂။ CR-1 ၊ CR-2 ၊ CR-7 နှင့် CR-8 တို့၏ လျှောက်ထားမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်တစ်ခုအတွက်သာ ဖြစ်သည်။

၃။ CR-3 ၊ CR-5 ၊ CR-6 ၊ CR-9 ၊ CR-11 ၊ CR-12 နှင့် CR-13 တို့၏ လျှောက်ထားမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် လျှောက်ထားမှုတစ်ခုအတွက်သာ ဖြစ်သည်။

၄။ စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှု အမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေ သတ်မှတ်ခြင်းကို အခါအားလျော်စွာ စိစစ်၍ ပြင်ဆင်သတ်မှတ်မည်။

(ပုံ)

မင်းမင်း

ဥက္ကဋ္ဌ

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ

စာအမှတ်၊ မပန(အေဂျင်စီ)/၂/၂၀၂၄ ( ၀၀၂ )

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန — မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ဒေါက်တာမိုးမိုးသွယ်
အတွင်းရေးမှူး